**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် ( ၇၄ / ၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**
**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ - ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပို့ကုန်သွင်းကုန် လိုင်စင်များ ခွင့်ပြုထုတ်ပေးခြင်းနှင့်ပတ်သက်သည့် အမိန့်ကြော်ငြာစာ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပို့ကုန်သွင်းကုန်လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်း မပြုတော့ဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ပါသည်။

၂။ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အောက်ပါအချက်အလက်များအား တင်ပြရမည် ဖြစ်ပါသည် -

(က ) ပို့ကုန်/သွင်းကုန် လိုင်စင် Online လျှောက်လွှာ (၆၀၀ ကျပ်တန် တံဆိပ်ခေါင်းကပ်ပြီး)

(ခ ) Invoice မူရင်း

(ဂ ) Sale Contract မူရင်း

(ဃ) Invoice နှင့် Sale Contract များသည် အစစ်အမှန်များ ဖြစ်ကြောင်းနှင့် ဖော်ပြချက်များ၊ ဈေးနှုန်းနှင့် တန်ဖိုးများ မှန်ကန်ကြောင်း ကတိဝန်ခံချက်

(င ) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက် ( ဌာနဆိုင်ရာများ၏ ထောက်ခံချက်လိုအပ်သည့် ပို့ကုန်/ သွင်းကုန် ပစ္စည်းများအတွက် )

၃။ ယင်းသို့ ကုမ္ပဏီများမှ လျှောက်ထားလာသည့် Invoice ပါ တန်ဖိုးအတိုင်း တင်သွင်းခွင့်ပြုထားသည့် လိုင်စင်/ပါမစ်များ၏ ပို့ကုန်သွင်းကုန် တင်ပို့/ တင်သွင်းခြင်းအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ စိစစ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ ကောက်ခံခြင်းတို့အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊

လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအတိုင်း စိစစ်လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ကုမ္ပဏီများအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပ ပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract ပါ အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sale Contract ပါဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်ရှောင်တိမ်းရန် ရည်ရွယ်၍ မမှန်မကန်ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဌာနအလိုက်ထုတ်ပြန်ထားသည့် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ ပို့ကုန်သွင်းကုန်လိုင်စင်များအား Invoice နှင့် Sale Contract ပါ ဈေးနှုန်းများအတိုင်း ဝန်ခံကတိဖြင့် ခွင့်ပြုထုတ်ပေးပြီးနောက် ခွင့်ပြုလိုင်စင်များ၏ ဈေးနှုန်းများအပေါ် သက်ဆိုင်သည့်ဌာနများမှ နိုင်ငံတကာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ နောက်ကြောင်းပြန် စစ်ဆေးမှုများကို လိုအပ်သလို စိစစ်ဆောင်ရွက်မည် ဖြစ်ပါသည်။

( ပုံ ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက-၁၁/၂-၁၈/၂၀၁၆ ( ၁၁ )
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်